# သက်ကြီးရွယ်အိုများအား ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုမှ ရှောင်ရှားနိုင်စေရန် အကူအညီပေးခြင်း



## သက်ကြီးရွယ်အိုများ ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုဆိုသည်မှာ အဘယ်သို့နည်း။

အသက် 50 အထက် ပုဂ္ဂိုလ်များသည် ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှု၊ လှည့်စားခံရမှုများ နှင့် လိမ်လည်ခံရမှုတို့ကို ကြုံတွေ့ ရနိုင်ခြေ အန္တရာယ်ရှိကြောင်း ကျွန်ုပ်တို့ သိရှိထားပါသည်။ ဤသည်ကို သက်ကြီးရွယ်အိုများ ငွေကြေးဆိုင်ရာ အနိုင်ငျင့်ခံရမှုဟု ခေါ်ဆိုသည်။ ငွေကြေးဆိုင်ရာ အနိုင်ကျင့်မှုတွင် ပုဂ္ဂိုလ်တစ်စုံတစ်ဦး၏ ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုအား ၎င်းဖြင့် တစ်စုံတစ်ရာသော ဆက်ဆံရေးတစ်ခုရှိသည့် အခြားသော ပုဂ္ဂိုလ်တစ်ဦးမှ တရားမဝင် သို့မဟုတ် မသင့်တင့်စွာ အသုံးချခြင်းများ ပါဝင်ပေသည်။ ဤသို့သော အနိုင်ကျင့်မှုပုံစံသည် ပုံစံ အမျိုးမျိုး ရှိနိုင်ပြီး၊ မည်သူ့ ထံ၌မဆို၊ တစ်ခါတစ်ရံတွင် သင် ယူဆထားသည်ထက် ပိုမိုအသက်ငယ်ရွယ် သောသူများထံ၌ပင် ဖြစ်ပေါ်နိုင်ပေသည်။

## အတွေ့ ရများသော သက်ကြီးရွယ်အို ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှု ပုံစံများ

သက်ကြီးရွယ်အို ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုသည် ပုံစံ အမျိုးမျိုး ရှိနိုင်ပြီး၊ ထပခါတစ်လဲလဲ သို့မဟုတ် တစ်ကြိမ်တည်းဖြင့် ဆောင်ရကွ်ချက်များ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် အရေးယူဆောင်ရွက်မှု မရှိခြင်းပင်လျှင် ပါဝင်ပေသည်။ ဤသည်တို့မှာ အတွေ့ ရအများဆုံးဖြစ်သည့် အနိုင်ကျင့်မှု ပုံစံ အမျိုးအစား အချို့ ဖြစ်သည် -

### အကျိုးဆောင်ရေ့ နေ၏ အစွမ်းအာဏာအား အမြတ်ထုတ်အသုံးချခြင်း

ဤသည်မှာ ထောက်ခံခွင့်ပြုချက်ရ ပုဂ္ဂိုလ်တစ်ဦး (သင်၏ အကျိုးဆောင်ရေ့နေ) သည် ၎င်းတို့ကိုယ်၌အတွက် သင်၏ ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုများကို ယူဆောင်ချိန်တွင် ဖြစ်ပေါ်နိုင်ပေသည်။

### ဖိအားပေးမှု၊ အကျပ်ကိုင်မှုများ နှင့် ခြိမ်းခြောက်မှု။

ဤသည်မှာ တစ်စုံတစ်ဦးသည် သင်၏ ပိုင်ဆိုင်မှုများ သို့မဟုတ် ရပိုင်ခွင့်များအား သင်၏ သေတမ်းစာအတွင်း ထည့်သွင်း၊ လက်မှတ်ရေးထိုး၍ လွှဲပြောင်းစေရန် သင့်အား ဖိအားပေးဖို့ ကြိုးပမ်းသည့်အခါတွင် ဖြစ်ပေါ်သည်။

### လိမ်လည်မှုများ နှင့် လှည့်စားမှုများ

ဤသည်မှာ တစ်စုံတစ်ဦးမှ သင်၏ ငွေကြေးအား ခိုးယူရန်အတကွ်ငှာ သင်၏ ယုံကြည်မှုအား တမင် ရယူဖို့ ကြိုးပမ်းချိန်တွင် ဖြစ်ပေါ်သည်။

### မိသားစု သဘောတူညီချက်များအား အမြတ်ထုတ်အသုံးချခြင်း

ဤသည်မှာ ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး မိသားစုဖြင့် သင် အလျှဉ်းသင့်သလို ပြုလုပ်ထားသော သဘောတူညီချက်များတစ်ခုခု ချိုးဖောက်ခံရချိန် သို့မဟုတ် အမြတ်ထုတ်အသုံးချခံရချိန်တွင် ဖြစ်ပေါ်သည်။

### ရန်ပုံငွေများအား မသင့်တင့်စွာ အသုံးပြုမှု

ဤသည်မှာ သင်၏ ငွေကြေးများအား ဝင်ရောက်ရယူ အသုံးပြုခွင့် ရရှိထားသည့် တစ်စုံတစ်ဦးသည် မူလ သဘောတူညီထားသည့်နှင့် ခြားနားသော နည်းလမ်းတစ်ခုဖြင့် ၎င်းငွေကြေးများအား သုံးစွဲချိန်တွင် ဖြစ်ပေါ်သည်။

### စိတ်ခံစားမှုပိုင်းဆိုင်ရာ အကျပ်ကိုင်ခြိမ်းခြောက်မှု

ဤသည်မှာ ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် ရရှိရန်အတွက်ငှာ တစ်စုံတစ်ဦးမှ ခြိမ်းခြောက်မှုများ ပြုလုပ်ချိန်တွင် ဖြစ်ပေါ်သည် – ဥပမာအားဖြင့် ချေးငွေတစ်ခုအား ခွင့်ပြုပေးခြင်းမရှိပါက မြေးများဖြင့် တွေ့ဆုံခွင့် မပြုခြင်း။

### အမွေဆက်ခံမှုနှင့်ပတ်သက်ပြီး စိတ်မရှည်တော့ခြင်း

ဤသည်မှာ လူကြီးများ၊ အများအားဖြင့် မိသားစုဝင်များမှ သင်၏ ငွေကြေး နှင့် ပိုင်ဆိုင်မှုများအား ၎င်းတို့ ရပိုင်ခွင့်ရှိသည်ဟု ခံစားရပြီး၊ သင့်ထံမှ ၎င်းပိုင်ဆိုင်မှု ငွေကြေးများအား ၎င်းတို့ ရယူရန် ကြိုးပမ်းသည့်အခါတွင် ဖြစ်ပေါ်သည်။

### မှားယွင်းစွာ အာမခံပေးမိခြင်း

တစ်ခါတစ်ရံတွင်မူ မကောင်းသည့် ရည်ရွယ်ချက် မရှိသော်ငြားလည်း ချေးငွေတစ်ခုအား အာမခံပေးခြင်းသည် မှားယွင်းသွားနိုင်ခြေရှိက သင့် နေအိမ် သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုများအား ဆုံးရှုံးစေသည့် ရလဒ် ထွက်ပေါ်စေနိုင်ပေသည်။

### တိပြုထားသည့် စောင့်ရှောက်မှုအား ထောက်ပံ့ပေးရန် ပျက်ကွက်မှု

ဤသည်မှာ မိသားစုဝင်တစ်ဦးမှ သင့်အတွက် စောင့်ရှောက်မှု ထောက်ပံ့ပေးရန် စီစဉ်ထားမှုတစ်ခု ပျက်ကွက်သည့်အခါ ဖြစ်ပေါ်သည်။

Commonwealth Bank of Australia ABN 48 123 123 124 AFSL and Australian credit licence 234945.
Burmese

### မည်သူများသည် ၎င်းအန္တရာယ်များဖြင့် တွေ့ ကြုံရနိုင်ခြေ ရှိသနည်း။

သက်ကြီးရွယ်အိုများ ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုသည် မည်သူမဆိုထံ၌ ဖြစ်ပေါ်နိုင်သော်လည်း အထူး အန္တရာယ်ကြုံတွေ့ ရနိုင်ခြေ မြင့်မားသည့် အချို့သော အုပ်စုများ ရှိပေသည်။ ဤတွင် အောက်ဖော်ပြပါတို့ ပါဝင်ပေသည် -

- တစ်ဦးတည်းဖြစ်နေသော သို့မဟုတ် တစ်ဦးတည်း တစ်သီးတစ်ခြား ခွဲထွက်နေသော ပုဂ္ဂိုလ်များ
- ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့် ပုဂ္ဂိုလ်များ
- ဘာသာစကား အကန့်အသတ်များကြောင့်ဖြစ်စေ သို့မဟုတ် ယဉ်ကျေးမှု အတားအဆီးများကြောင့်ဖြစ်စေ ငွေကြေးနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှု အကန့်အသတ်ရှိသော ပုဂ္ဂိုလ်များ
- LQBTIQ+ အသိုင်းအဝိုင်းများမှ ပုဂ္ဂိုလ်များ
- မိမိတို့၏ ပြုစုစောင့်ရှောက်မှုအတွက် အခြားသူများအပေါ် မှီခိုနေရသည့် ပုဂ္ဂိုလ်များ
- အတိတ်က အခြားသော အနိုင်ကျင့်မှု အမျိုးအစားများကို ခံစားခဲ့ရဖူးသည့် ပုဂ္ဂိုလ်များ။.

### ငွေကြေးဆိုင်ရာ အနိုင်ကျင့်မှုအား ထုတ်ဖော်ခြင်း

၎င်း၏ ပျံ့ နှံ့မှုအတိုင်းအတာ မည်သို့ပင်ရှိစေသော်ငြားလည်း သက်ကြီးရွယ်အိုများ ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုကို သိမှတ်၊ ဖော်ထုတ်ရန်အတွက်မှု ခက်ခဲနိုင်ပေသည်၊ အဘယ်ကြောင့်ဆိုသော် အများအားဖြင့် ၎င်းတို့အား ဖုန်းကွယ်ထားသောကြောင့် သို့မဟုတ် သေးငယ်ပပျောက်အောင် ဆောင်ရွက်လိုက်သောကြောင့် ဖြစ်သည်။

ဤအကြောင်းအရင်းများကြောင့်ဘဲ လူအများအနေနှင့် ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှုနှင့်ပတ်သက်ပြီး ပြောဆိုချိန်တွင် ရှက်ရွံ့ မှု၊ စိတ်ဝေခွဲမရဖြစ်မှု နှင့် ကြီးစွာစိတ်ထိခိုက်မှုတို့ကို ခံစားရခြင်းမှာ ပုံမှန်ပင် ဖြစ်ပေသည်။ ငွေကြေးဆိုင်ရာ အနိုင်ကျင့်မှုကို တွေ့ ကြုံခံစားရသော ပုဂ္ဂိုလ်များအတွက် ၎င်းကိစ္စရပ်အား ဖော်ထုတ်ရန်၊ ထိန်းချုပ်မှုပြုရန် နှင့်/သို့မဟုတ် ၎င်းတို့ကိုယ်၌ နှင့် အခြားသူများတို့မှ ၎င်းအမှုကိစ္စရပ်အား အနိုင်ကျင့်ခံရမှုအဖြစ် အသိအမှတ်ပြုရန် အများအားဖြင့် အခက်အခဲ ရှိတတ်ပေသည်။

### ဂရုပြုစဉ်းစားရမည့် သတိပေးချက် လက္ခဏာများ -

1. အဓိပ္ပါယ်မရှိသော ငွေကြေး ထုတ်ယူမှုများ ရှိနေသည်
2. ဘာသာစကား အတားအဆီးများသည် သင့်အား နားလည်သဘောပေါက်စေရန်အတွက် အခက်အခဲ ဖြစ်စေနိုင်ပေသည်
3. သင့်တွင် ပျောက်ဆုံးနေသော သို့မဟုတ် စိတ်ရှုပ်ထွေးဖွယ်သော ဘဏ်ငွေစာရင်းရှင်းတမ်းများ ရှိနေသည်
4. တစ်စုံတစ်ဦးမှ သင်၏အတွင်းရေးကိစ္စတွင် လွန်စွာ စွက်ဖက်နေသည် သို့မဟုတ် သင့်အား ထိန်းချုပ်နေသည်ဟု သင် ခံစားရပြီး၊ တစ်စုံတစ်ဦး ပြောဆိုသည့်အတိုင်း သင် လုပ်ဆောင်ရမည်ဟု သင် ယုံကြည်နေသည်
5. သင့်ငွေကြေးအပေါ် လုပ်ပိုင်ခွင့်အာဏာမရှိသည့် တစ်စုံတစ်ဦးသည် ငွေကြေးထုတ်ယူရန်အတွက် သင်နှင့်အတူ ဘဏ်သို့ အဖော်ပြုလိုက်ပါပေးသည်
6. အခြားတစ်စုံတစ်ဦးသည် သင့်ကိုယ်စား ဘဏ် လျှောက်လွှာဖောင်များအား ဖြည့်စွက်ပေးသည်.

### သက်ကြီးရွယ်အို အနိုင်ျင့်ခံရမှုဆိုင်ရာ ဖုန်းလိုင်း

အကယ်၍ သင့်တွင် စိုးရိမ်ပူပန်မှုများ တစ်စုံတစ်ရာ ရှိလျှင် ကျေးဇူးပြုပြီး 1800 ELDERHelp (1800 353 374) သို့ ခေါ်ဆိုပါ။

ဤသည်မှာ သက်ကြီးရွယ်အိုများ အနိုင်ကျင့်ခံရမှုနှင့် ပတ်သက်ပြီး အချက်အလက်များ နှင့် အကြံပြုချက်များ ထောက်ပံ့ပေးသော အခမဲ့ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ် တစ်ခု ဖြစ်ပေသည်။ သင့်အား သင့်ဇရိယာအတွင်းရှိ လက်ရှိတည်ရှိနေသော ဖုန်းလိုင်း ဝန်ဆောင်မှုသို့ အလိုအလျောက် လွှဲပြောင်းရောက်ရှိစေမည်ဖြစ်သည်။ ၎င်းဖုန်းလိုင်းကို ပြည်နယ် နှင့် နယ်မြေ အစိုးရများနှင့်အတူ ပူးပေါင်း၍ ထုတ်ပြန်ဆောင်ရွက်ထားခြင်း ဖြစ်သည်။

သက်ကြီးရွယ်အို အနိုင်ကျင့်ခံရမှုဆိုင်ရာ ဖုန်းလိုင်းများသည် ကပ်ဘေးကာလ ပံ့ပိုးရေး ဝန်ဆောင်မှုများ မဟုတ်ပေ၊ ထို့ပြင် လည်ပတ်ချိန်များ နှင့် ဝန်ဆောင်မှုများသည် တည်နေရာပေါ်လိုက်၍ ကွဲပြားမှုများ ရှိနိုင်ပေသည်။

အကယ်၍ သင်၏ ငွေကြေးစီမံမှုများနှင့်ပတ်သက်ပြီး သင့်တွင် စိုးရိမ်ပူပန်မှုများ တစ်စုံတစ်ရာ ရှိလျှင် ကျေးဇူးပြုပြီး သင်၏ ဘဏ်သို့ အသိပေးပါ။ သင်၏ ဒေသခံ မန်နေဂျာသည် အကယ်၍ သင် ဆန္ဒရှိပါက သင်နှင့် သီးသန့် ပြောဆိုဆွေးနွေးပေးနိုင်ပါသည်။

သက်ကြီးရွယ်အိုများ ငွေကြေးဆိုင်ရာ အနိုင်ကျင့်ခံရမှု နှင့် လှည့်စားခံရမှုများ၊ လိမ်လည်ခံရမှုများ အစရှိသည်တို့နှင့်ပတ်သက်ပြီး အချက်အလက်များပိုမို သိရှိရန်အတွက် Safe and Savvy (လုံခြုံအန္တရာယ်ကင်းရေး နှင့် လိမ်မာပါးနပ်မှု) လမ်းညွှန်အား CommBank ဝက်ဘ်ဆိုဒ်တွင် သင် ဒေါင်းလုဒ်ဆွဲရယူနိုင်ပါသည်။

**မှတ်ချက်** - ဤစာရွက်စာတမ်း အား အခြားသော ဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။